10th seminar

ကညီဒီကလုာ်တၢ်ဃူတၢ်ဖိးတၢ်ကူၣ်လိာ်ကမံးတံာ်

Karen National Unity Seminar

P.O.Box 22, Mae Sot Post Office, Tak Province 63110, Thailand (E-mail: karen_unity@yahoo.com)

---

(၁၀)ကြိမ်မြောက် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နီးနှောဖလှယ်ပွဲ၏ သဘောထား ထုတ်ပြန်ကြေညာချက်

မေလ (၃၁)ရက်၊ ၂၀၁၄ခုနှစ်။

(၁၀)ကြိမ်မြောက် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေး နီးနှောဖလှယ်ပွဲကို ၂၀၁၄ခုနှစ်၊ မေလ ၂၈ရက်မှ ၃၁ရက်နေ့အထိ ကရင့်တော်လှန်ရေး နယ်မြေ လေးဂါး(ခေါ်)လော်ခီးလာတွင် အောင်မြင်စွာ ကျင်းပခဲ့သည်။ ထိုနီးနှောဖလှယ်ပွဲသို့ ပြည်တွင်းပြည်ပရှိ ကရင်လူထုအခြေပြုအဖွဲ့အစည်းများ၊ ကရင် ဘာသာရေးခေါင်းဆောင်များ၊ ကရင်လူငယ်နှင့် ကရင်အမျိုးသမီးများ၊ ကရင့်နိုင်ငံရေးပါတီများ၊ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ စသည့်ကရင်အဖွဲ့ အစည်း (၆၆)ဖွဲ့နှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်များ၊ လေ့လာသူများ အပါအဝင် စုစုပေါင်း (၂၄၆)ဦး တက်ရောက်ခဲ့ကြသည်။

ဤနီးနှောဖလှယ်ပွဲတွင် ကရင်လူမျိုးများ အချင်းချင်းအကြား စည်းလုံးညီညွတ်မှု ပိုမို အားကောင်းလာစေရေး၊ ကရင့်အမျိုးသားတရပ်လုံး၏ဘဝ ရေရှည် တိုးတက်မြင့်မားရေး၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်၊ မြန်မာပြည်၏ လက်ရှိနိုင်ငံရေး အခြေအနေများ၊ ဒုက္ခသည်ဆိုင်ရာကိစ္စရပ်များနှင့် ကရင်လူထုတစ်ရပ်လုံး၏ ရင်ဆိုင်ခံစားနေရမှုများကို တက်ရောက်လာသည့် ကိုယ်စားလှယ်များက အဓိကထား ဆွေးနွေးခဲ့ကြသည်။

- ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်မှုဖြင့် ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးဟူသော နိုင်ငံရေး ဦးတည်ချက်အပေါ် ရပ်တည်သွားရန် ဆုံး ဖြတ်ခဲ့ကြသည်။

- တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ လူထုထံသို့ ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းပြောဆိုရန် လိုအပ်ပြီး တွေ့ဆုံဆွေးနွေးမှုများတွင် လက်ရှိတွေ့ကြုံနေရသော အခက်အခဲများ ဆက်လက် ညှိနှိုင်းသွားရာ၌ ခိုင်မာသော အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးပွဲများနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးအဆင့်သို့ ရောက်ရှိစေရေးအတွက် ကရင်တတ်သိပညာရှင်များ၊ အမျိုးသမီးများ အပါအဝင် ကရင်အမျိုးသား တိုင်းကလည်း ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း နီးနှောဖလှယ်ပွဲတွင် သဘောတူညီခဲ့ကြသည်။

- လက်ရှိငြိမ်းချမ်းရေး ဖော်ဆောင်မှုကာလအတွင်း ကရင်လူမျိုးများ နေထိုင်ရာဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေယာသိမ်းဆည်းမှုများကို ပိုင်းဝန်းဖြေရှင်း၍ ကာကွယ်စောင့်ရှောက်သွားရန်နှင့် မည်သည့် အကြီးစား စီးပွားရေးစီမံကိန်းလုပ်ငန်းစဉ်များကိုမဆို အစိုးရအနေဖြင့် နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးခြင်း မပြုလုပ်ရန်လည်း နီးနှော ဖလှယ်ပွဲက တောင်းဆိုလိုက်သည်။

- ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ခြွင်းချက်မရှိ ထောက်ခံခဲ့ကြပြီး နိုင်ငံရေးပါတီ များ၊ ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် နီးနှောဖလှယ်ပွဲတွင် ဆုံးဖြတ်ခဲ့ကြသည်။

- ကရင်လူမျိုးများအတွင်း ပိုမိုကျယ်ပြန့်လာနေသည့် မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်တိုက်ဖျက် သွားရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးမှုများ၊ ဥပဒေနှင့်အညီ အပြစ်ပေး အရေးယူမှုများကို ကရင်လက်နက်ကိုင် အဖွဲ့အစည်းများက ထိရောက်စွာ ဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

- ကရင်အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်သို့ အပြည့်အဝရရှိရေးအတွက် ကရင်မျိုးနွယ်စုများ စည်းလုံးကြရန်၊ ကရင်ဘာသာရေးအဖွဲ့အစည်းများ၊ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ ကရင်ပါတီများနှင့် ကရင်လူမှုအဖွဲ့အစည်းများအနေဖြင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာ တည်ဆောက်သွားနိုင်ရန် အမျိုးသားစီမံကိန်းတရပ်ကို ရေတိုရေရှည် ရေးဆွဲချမှတ် လုပ်ဆောင်သွားရန်နှင့် ကရင်အမျိုးသားညီလာခံကြီးတရပ်ကို ကျင်းပပြုလုပ်သွားနိုင်ရန် ကရင် တမျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

ကရင်အမျိုးသားစည်းလုံးညီညွတ်ရေး
နီးနှောဖလှယ်ပွဲကျင်းပရေးကော်မီတီ

ဆက်သွယ်ရန် - စောလှထွန်း (၀၉၅ ၆၉၅၂၁၉၃ - Thai) (၀၉ ၄၂၅၀ ၄၈၇၀၉ - Myammar)
နော်စူစန်နာလှလှစိုး (၀၉ ၂၈၆ ၈၂၅၇၆ - Thai) (၀၉ ၂၅၀ ၇၉၅၂၅၈ - Myammar)
စောလွင်ဦး (၆၁-၄၁၂ ၃၄၄ ၀၀၉ - Australia) (၀၈၀ ၈၄၆၁၈၅၇ - Thai)